FORT WAYNE COMMUNITY SCHOOLS

March 13, 2020

လေးစားရပါသောမိဘများ၊ အုပ်ထိမ်းသူများ၊

COVID-19 ရောဂါ ကပ်၏ကူးစက်မှုကြောင့် Fort Wayne-Allen County ကျန်းမာရေး ဦးစီးဌာနမှ ဖော်ပြသည့်လိုအပ်သည့် အတိုင်း ဒီနေ့ ကျောင်းဆင်းချိန် မှစတင်၍ FWCS ၏ အဆောက်အဦးများအားလုံးကို April 13 ရက်နေ့ တနင်္လာနေ့ အထိ ပိတ်ထားပါလိမ့်မည်၊

ကျောင်းသားများကို ကျောင်းပိတ်ထားချိန်အတွင်း မည်သည့်သင်ကြားမှု ပုံစံတို့ ဖြင့် တည်ဆောက်၍ ပြု လုပ်ပေးလိမ့်မည်ကို ကျနော်တို့ ၏ ဝန်ထမ်းများက သတင်းပို့ ပေးပါလိမ့်မည်၊ ကျနော်တို့ ၏ 12th တန်းကျောင်းသားများကို သေချာစွာကျောင်းပြီးရန်နှင့် တက္ကသိုလ် ကောလိပ်၊ စစ်တပ် စသည့် လုပ်ငန်းခွင်များဆီသို့ သေချာပေါက်သွားရောက်နိုင်ရန် ကျနော်တို့ အလေးထားအာရုံစိုက်ပါသည်၊

စားနပ်ရိက္ခာထောက်ပံ့ပေးရန် လိုအပ်သူများအတွက် ကျနော်တို့ သည် ရက်သတ္တပတ်များအတွင်း အစားအစာများ ပံ့ပိုးပေးနိုင်မည့်နေရာများကို တည်ထောင်ရန် လုပ်ဆောင်နေပါသည်၊ အစားအစာများ ရရှိနိုင်လိမ့်မည့်နေရာကို ကျနော်တို့ သတင်း အချက်အလက်များရရှိသောအခါ မျှဝေပေးလိမ့်မည်ဖြစ်ပါသည်၊

ဤအခြေအနေသည် မကြုံ စဖူးအခြေအနေဖြစ်ပြီး ဆုံးဖြတ်ချက်များချမှတ်သည့် အခါတိုင်းတွင် သင်တို့ ကို အသိပေးခြင်းကို ကျနော်တို့ လုပ်ဆောင်ပေးလိမ့်မည်၊ အချို့ သော ဆုံးဖြတ်ချက်များသည် ဒေသဆိုင်ရာ ပြည်နယ်အရာရှိများမှ ညွှန်ကြားချက်များဖြစ်သည်ကို ကျေးဇူးပြု ၍ နားလည်စေလိုပါသည်၊

နောက်လာမည့်လတွင် ကျနော်တို့ သည် သတင်းအချက်အလက်များကို မျှဝေရာတွင် နည်းမျိုးစုံကို အသုံးပြု ပါလိမ့်မည်၊ သင့် ကလေး၏ကျောင်း၌ သင်၏ လက်ကိုင်ဖုံးနံပါတ်ကို သေချာစွာ ရရှိအောင်ပြု လုပ်ထားပါ၊ သင်တို့ သည် SchoolMessenger မှနေ၍ text messages များရရှိနိုင်ပါလိမ့်မည်၊ Peachjar.မှလည်း အရေးကြီးသော သတင်းအချက်အလက်များကို ရရှိနိုင်ရန် သင်တို့ ၏ အီးမေလ်းလိပ်စာကို ဖြည့်ထည့်ထားပါ၊ နောက်ဆုံးရရှိထားသော သတင်းအချက်အလက်များကို (Facebook, Twitter နှင့် Instagram)စသည်တို့ အပြင် ကျနော်တို၏ ဝက်ဆိုက်([www.fortwayneschools.org)](http://www.fortwayneschools.org) ပေါ်တွင်လဲတွေ့ နိုင်ပါသည်၊ ကျေးဇူးပြု ၍ Let's Talk, စာမျက်နာမှတဆင့် သင်တို့ ၏ မေးခွန်းများကို ပို့ ပေးကြပါ၊ ကျနော်တို့ သည် COVID-19 သတင်းအချက်အလက် စာမျက်နာ FWCS.info/COVID19.ပေါ်တွင် သတင်းအချက်အလက် များကို ဆက်လက်၍ ထည့်ပေးသွားပါလိမ့်မည်၊

နောင်လာမည် အပတ်များတွင် ကျနော်တို့ သည် သင်တို့ အတွက် ကြို းစားရလိမ်မည်ဆိုသည်ကို သိထားပါသည်၊ ကျနော်တို့ ကြို းစာ၍ တက်နိုင်သလောက် ထောက်ပံ့လုပ်ဆောင်ပေးပါလိမ့်မည်၊ သင်တို့ ကျမ်းမာသန်စွမ်းနေလိမ့်မည်ဟု ကျနော်တို့ မျှော်လင့်နေပြီး ၄င်းကိစ္စအားလုံး ပြီးစီးသောအခါ ကျောင်းသူ၊ကျောင်းသားများကို ကျောင်းတွင်ပြန်၍ တွေ့ ဆုံကြရန် ကျနော်တို့ မျှော်လင့်ပါသည်၊

လေးစားစွာဖြင့်

Dr. Wendy Y. Robinson

*Superintendent*
1200 South Clinton Street • Fort Wayne, IN 46802 • Phone: 260.467.2025 • Fax: 260.467.1975